# ကမိတ်ကျေးရွာ

# ထားဝယ်မြို့နယ်၊ ထားဝယ်ခရိုင်

# တနင်္သာရီတိုင်းဒေသကြီး

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၇ – ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကမိတ်ကျေးရွာ၊ ထားဝယ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

# ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ကမိတ်ကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၆ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၆ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၇ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၈ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၉ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၉ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၀ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၃ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၄ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၄၉ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၂ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၅၄ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၅၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစု ပူးပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၇/၂၀၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်း များနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင် ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်း စဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ

ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဒီဇင်ဘာလ၊ ၂၀၁၆**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ကမိတ်ကျေးရွာ**

**ထားဝယ်မြို့နယ်**

# ကမိတ်ကျေးရွာ သယံဇာတပြမြေပုံ၊ ထားဝယ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

**ကမိတ်ကျေးရွာ**သည် ထားဝယ်-မေတ္တာကားလမ်းပေါ်ရှိ ကျောက်မဲတောင်ကျေးရွာမှ (၁၂)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အိမ်နီးချင်းကျေးရွာများဖြစ်သော ညောင်တုန်းကျေးရွာ၊ မြေးခံဘော်ကျေးရွာတို့နှင့် ဆက်စပ်လျှက်ရှိနေပါသည်။ ကျေးရွာ၏မြေအနေအထားသည် မြေပြန့်ဒေသဖြစ်သည်။ ကျေးရွာတွင် ကရင်လူမျိုးများ အများစုနေထိုင်ပြီး ဗမာလူမျိုးမှာ လူနည်းစုဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကမိတ်ကျေးရွာသည် တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ ၈၀ မှ ၁၀၀ ပတ်ဝန်းကျင်တွင်ရှိပြီး ဥယျာဉ်ခြံလုပ်ငန်းများအတွက် အထောက်အကူပြုပါသည်။ ကျေးရွာတွင် ခဲတ်ငွေ့နှင့် ရေနံကဲ့သို့သော သဘာဝအရင်းအမြစ်များ ထွက်ရှိမှု မရှိပါ။ အိမ်ခြံမြေများတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို အနည်းအကျဉ်း စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးတမှာ အသင့်အတင့် ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကမိတ်ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာတွင် အသင်းတော်နှင့် လူငယ်အဖွဲ့တို့သာ ရှိပါသည်။ ကျေးရွာကာလသားကာလသမီးအဖွဲ့သည် ကျေးရွာ၏သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်ကြပါသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကမိတ်ကျေးရွာ၏ ကျန်းမာရေးအတွက် World Vision အဖွဲ့အစည်းမှ လာရောက် ထောက်ပံ့ပေးနေပြီး TNRP အဖွဲ့အစည်းမှ သစ်တောထိန်းသိမ်းရေးဆိုင်ရာ ဗဟုသုတများကို အသိပညာများလက်ဆင့်ပေးခြင်းဖြင့် ကျေးရွာလူထုကို ဖွံ့ဖြိုးတိုးတက်စေ ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

**ကမိတ်ကျေးရွာတွင် မြေယာမဲ့ တောင်သူအိမ်ထောင်စုမှာ စုစုပေါင်း အိမ်ထောင်စု၏ (၄.၈၆%)ရှိပါသည်။ ၂.၅ ကေအောက် ဆင်းရဲသားတောင်သူ (၄၂) အိမ်ထောင်စု၊ ၂.၅ ကေမှ ၅**

ကေထိ တောင်သူငယ် (၁၂၀) အိမ်ထောင်စု၊ ၅ ကေမှ ၁၂.၅ ကေကြား တောင်သူလတ် (၉၀) အိမ်ထောင်စု စသည်တို့ ရှိကြပြီး ဥယျာဉ်ခြံလုပ်ငန်းကိုသာ အားထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် (၁၆)အိမ်ထောင်စုရှိပြီး အများစုသည် နေ့စားကျပန်း လုပ်ငန်းများကို လုပ်ကိုင်နေကြပါသည်။

ကျေးရွာတွင် အဓိကစိုက်ပျိုးသီးနှံမှာ ကွမ်းသီးဖြစ်သည်။ စိုက်ပျိုးနည်းစနစ်များမှာ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကိုသာ ကျင့်သုံးနေဆဲဖြစ်သည်။ ဥယျာဉ်ခြံပိုင်ရှင်များသည် ငွေကြေးမလုံလောက်သဖြင့် ကျန်ရှိသော ခြံမြေကေများတွင် စိုက်ပျိုးထားသော အသီး မသီးသေးသည့် အပင်ငယ်များကို တောခုတ်ရှင်းလင်းခြင်း၊ ပြုပြင်ခြင်းများ မပြုလုပ်နိုင်ကြပေ။ မြို့ကြီးများနှင့် အလှမ်းဝေး သောကြောင့် သီးနှံမျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/ အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေသြဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူ မရရှိနိုင်ပေ။

သီးနှံစိုက်ပျိုးရေးအတွက် မိုးရေဖြင့်သာ အဓိက စိုက်ပျိုးကြပြီး ချောင်းရေယူ၍လည်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြက်ရိတ်စက်နှင့် ဓါးကိုသာ အသုံးပြုကြပါသည်။ စိုက်ပျိုးရေးအတွက် အခြားသော စိုက်ပျိုးရေးသုံး ကိရိယာများ သုံးစွဲခြင်းမရှိပါ။ ဥယျာဉ်ခြံစိုက်ပျိုးရာတွင်လည်း ကြွက်၊ ရှဉ့်ကဲ့သို့သော ဖျက်ပိုးကောင်များက သီးနှံပင်များကို ဖျက်စီးခြင်းလည်း ကြုံတွေ့နေရပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကမိတ်ကျေးရွာတွင် ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၁၅၀) အိမ်ရှိပြီး ကြက်ကောင်ရေ (၁၈၀) ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စု (၃) စုမှ (၁၀) ကောင် စသည်ဖြင့် မွေးမြူ ကြပြီး စီးပွားဖြစ် မွေးမြူရေးလုပ်ကိုင်သည့် အိမ်ထောင်စုများမရှိပါ။ မျိုးကောင်းမျိုးသန့်များ အလွယ်တကူမရရှိနိုင်ခြင်းနှင့် ဈေးကွက်လက်လှမ်းမီမှု မရှိခြင်းများကြောင့် မွေးမြူရေးလုပ်ကိုင်သူ နည်းပါးခြင်းဖြစ်ပါသည်။

ကမိတ်ကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ စားကျက်မြေ ရရှိနိုင်ပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့်အတွေ့အကြုံ၊ အသိပညာများ ဖြည့်ဆည်း လုပ်ဆောင်ရန် လိုအပ်နေပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကမိတ်ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ ဆိုင်ကယ်ပြင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ကုန်စုံဆိုင်စသည်ဖြင့် လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ၊ တောင်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူစသည့် ကျပန်းလုပ်ငန်းသူများလည်း ရှိပါသည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ဈေးကွက်ဆိုင်ရာအသိအမြင်ရှိမှု အားနည်းခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း၊ (၂၄)နာရီ လျှပ်စစ်မီး မရရှိသေးသည့်အတွက် တစ်ပိုင်တစ်နိုင် အိမ်တွင်းမှုလုပ်ငန်းများ မဆောင်ရွက်နိုင်ပေ။ အလုပ်နှင့်လိုက်လျောညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကမိတ်ကျေးရွာတွင် ဥယျာဉ်ခြံလုပ်ကိုင်သူများသည် ပွဲရုံလုပ်ငန်းရှင်ထံမှ ကြိုတင်ငွေယူ၍ ရာသီပေါ်သီးနှံထွက်ချိန်တွင် ခြံထွက်သီးနှံများဖြင့် ပြန်လည်ပေးချေရပါသည်။ မိသားစု စားဝတ်နေရေးကိစ္စများ၊ အရေးပေါ်ကိစ္စများနှင့် ကြုံသည့်အချိန်တွင် ကျေးရွာတွင် ငွေချေးသူများ၊ ဆွေမျိုးမိတ်ဆွေများမှလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသဖြင့် အတိုးနှုန်းသက်သာသည့် ကာလရှည်ချေးငွေ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကမိတ်ကျေးရွာသည် မြို့နှင့်အလှမ်းဝေးပြီး သွားလာရခက်ခဲပါသည်။ ကျေးရွာ၏ ပို့ဆောင်ရေးကဏ္ဍာတွင် မော်တော်ယာဉ် (၉) စီးနှင့် မော်တော်ယာဉ်ဆိုင်ကယ် (၂၁၀) စီးနှင့် နွားလှည်း (၈၆) စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ကျေးရွာချင်းဆက်မြေသားလမ်းသည် မိုးတွင်းကာလများတွင်လမ်းများ ပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။

ရန်ပုံငွေများရရှိနိုင်ပါက မြေသားလမ်းများအား ကျောက်ခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်လိုကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကမိတ်ကျေးရွာ၏ ယခုလက်ရှိတွင် ဓါတ်အားလိုင်းမှ လျှပ်စစ်မီးမရရှိသေးပါ။ ကျေးရွာတွင် ဆိုလာနစ် အသုံးပြုနေကြသည့် အိမ်ထောင်စု (၂၃၀)စုရှိပြီး၊ ဒီဇယ်အင်ဂျင်စနစ်နှင့် အခြားနည်းစနစ်များဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ လျှပ်စစ်မီးရရှိလာပါက ကျောင်းသား/သူများ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ ဖြစ်စေနိုင်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

ကမိတ်ကျေးရွာတွင် ဆက်သွယ်ရေးအားဖြင့် အထိုင်ဖုန်းများသာ လိုင်းကောင်း၍ လက်ကိုင်ဖုန်းများမှာ လိုင်းမကောင်းပါ။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၀) လုံး၊ ရေဒီယို (၂၀) လုံး၊ တီဗွီ (၁၄၆) လုံး၊ ဂြိုလ်တုစလောင်း (၉၆) လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာတွင် (၂၄)နာရီ မီးလင်းမှုမရရှိသေးသဖြင့် အချိန်နှင့်တပြေးညီ အားသွင်းခြင်း မပြုလုပ်နိုင်သည့်အတွက် သတင်းအချက်အလက်များ အချိန်မီ မသိရှိနိုင်ခြင်းများရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့်အခြေအနေများ ရှိပါသည်။ ထို့ကြောင့် ကျေးရွာတွင် ဖုန်းလိုင်းနှင့် အင်တာနက်လိုင်းများ ကောင်းရန်အတွက် လိုအပ်နေပါသည်။

၆။ ပညာရေး

**ကမိတ်ကျေးရွာတွင် အလယ်တန်းအဆင့်ပညာရေးကို သင်ကြားနိုင်ပြီး** (၁၃)မိုင်ကွာဝေးသည့် တောင်သုံးလုံးကျေးရွာရှိ အထက်တန်းကျောင်းကို သွားရောက် သင်ကြားရပါသည်။ **မူလတန်းပညာပြီးမြောက်မှုမှာ စုစုပေါင်းလူဦးရေ၏ (၆၈၇)ဦးရှိပြီး** တက္ကသိုလ်ပညာပြီးဆုံးသူလူဦးရေမှာ ပညာတတ်အရည်အတွက် အလွန်ပင်နည်းပါးကြောင်း တွေ့ရှိရသည်။ အထက်တန်းပညာဆည်းပူးရန် လမ်းပမ်းဆက်သွယ်ရေးအခက်အခဲရှိခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းတို့ကြောင့် မူလတန်းဖြင့်ပင် ပညာရေးပြီးဆုံးသည်မှာ များနေရခြင်းဖြစ်သည်။

**ကမိတ်ရှိစာသင်ကျောင်းသည် ကျေးရွာအတွင်းတွင် ရှိသောကြောင့် ကျောင်းသား/သူများ ခြေလျင်၊ စက်ဘီးတို့ဖြင့် သွားလာကြပါသည်။ စာသင်ကျောင်း၏အမိုး၊ မျက်နှာကျက်**

သည် ပျက်စီးမှုရှိပြီး ပြန်လည်ပြုပြင်ရန် လိုအပ်နေပါသည်။ ဆရာ/ဆရာမများအတွက်လည်း ဝန်ထမ်းအိမ်ယာတစ်လုံး ဆောက်လုပ်ပေးရန် လိုအပ်နေပါသည်။

၇။ ကျန်းမာရေး

ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ အာဟာရပညာပေး အစီအစဉ်များလည်း ဟောပြောပေးလေ့ရှိပါသည်။ ကျန်းမာရေးဝန်ဆောင်မှုအတွက် ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အဓိကအားဖြင့် ငှက်ဖျား၊ တုပ်ကွေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက သွားရောက်ကုသမှု ခံယူကြသည်။ အရေးပေါ်အခြေအနေတွင် ထားဝယ်မြို့နယ် ဆေးရုံကြီးနှင့် ကုတင် (၁၀၀) စစ်ဆေးရုံနှင့် ပုဂ္ဂလိကဆေးရုံတို့တွင် သွားရောက်ကုသမှု ခံယူကြသည်။

ကမိတ်ကျေးရွာရှိ အိမ်ထောင်အများစုသည် သောက်သုံးရေအတွက် ရေတွင်း (၁) တွင်းနှင့် ချောင်းရေကိုသာ အဓိက အသုံးပြုကြပါသည်။ ကျေးရွာတွင် ကျင်းအိမ်သာ သုံးစွဲသောအိမ်ထောင်စု(၄)စု၊ မြေပေါ်အိမ်သာသုံးစွဲသောအိမ်ထောင်စု (၁၀၈)စုနှင့် ကျန်အိမ်ထောင်စု များမှာ တောထိုင်များကို အသုံးပြုကြပါသည်။ ထို့ကြောင့် အိမ်တိုင်းစေ့ သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှု တိုးတက်လာစေရန် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော်လည်း လယ်ယာသုံး သွင်းအားစုများ ဝယ်ယူရခြင်း၊ ငှားရမ်းလုပ်ကိုင်ရခြင်းကြောင့် စားနပ်ရိက္ခာဖူလုံမှု လျော့နည်းပါသည်။ စိုက်ပျိုးရေအတွက် မိုးရေကိုသာ အားထားပြီး စိုက်ပျိုးကြပါသည်။ အချို့အိမ်ထောင်စုများသည် တောင်ယာစနစ်ကို စိုက်ပျိုးကြသောကြောင့် သစ်တောပြုန်းတီးမှု အနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး တီဘီရောဂါလူနာ အနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှုများ ဖြစ်ပွားခြင်း မရှိပေ။

ကျေးရွာ၏မြေဆီလွှာအနေအထားသည် အသင့်အတင့် ကောင်းမွန်ပါသည်။ စိုက်ပျိုးကာလတွင် လောင်မီးပိုးများ၊ ရွက်လိပ်ပိုးနှင့် ကြွက်များဖျက်စီးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှုရှိပါသည်။ စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အသုံးပြုသော်လည်း မိုးများသော ဒေသဖြစ်၍

အခက်အခဲမရှိပါ။

ကမိတ်ကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှုမရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စု အနည်းငယ်ရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျမရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရမည့် စီမံချက်များမရှိသည့်အတွက် လိုအပ်သည်များကို ပြုလုပ်ပေးရန်နှင့် အမှိုက်များ စနစ်တကျ စွန့်ပစ်ရန်အတွက် နည်းလမ်းပြမှုများ ၊ ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကမိတ်ကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့် အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျား/မဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများ သည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ သို့သော်လည်း ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။

ကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိ သော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီး အကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှု များတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ သိရှိမှု အားနည်းကြပါသည်။

## ၁၀။ ကမိတ်ကျေးရွာဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – မြေးခံဘော် ဘည | | | ကျေးရွာအမည် – ကမိတ် | မှတ်ချက် |
|---|---|---|---|---|
| **စဉ်** | **ကဏ္ဍ** | **စီမံချက် ဆိုလိုရင်း** | **စီမံချက်နှင့်လုပ်ငန်းစဉ်များ** | |
| | ပညာရေး | ပညာရေး**ကဏ္ဍအောင်မြင်စွာ တိုးတက်လာစေရန်** | -စာသင်ကျောင်းဆောက်လုပ်ပေးခြင်း<br>-သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်အောင် ချထားပေးခြင်း။<br>-မူကြိုကျောင်းအဆောက်အအုံဆောက်လုပ်ပေးခြင်း | |
| | ကျန်းမာရေး | ထိရောက်သောကျန်းမာရေးဝန်ဆောင်မှုများ ရရှိလာစေရေး | -ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပုံမှန်စီစဉ်ပေးခြင်း။<br>-ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အအုံ၊ အသုံးအဆောင်နှင့် ဝန်ထမ်းဖွဲ့စည်းပုံအတိုင်းရရှိရန် ဆောင်ရွက်ခြင်း | |
| | ကျန်းမာရေး | သောက်သုံးရေလုံလောက်စွာ ရရှိလာစေရေး | -ကျေးရွာအတွင်းလက်တူးတွင်းတူးဖော်ပေးခြင်း<br>-ရေကန်များဆောက်လုပ်ပေးခြင်း | |
| | အခြေခံအဆောက်အဦ | လမ်းပန်းဆက်သွယ်ရေးကောင်းမွန် လာစေရေး | ကျေးရွာချင်းဆက် မြေသားလမ်းများအား အဆင့်မြှင့်တင်ပေးခြင်း။ | |
| | အခြေခံအဆောက်အဦ | လျှပ်စစ် | ရွာလုံးကျွတ်လျှပ်စစ်မီးရရှိလာအောင်ဆောင်ရွက်ပေးခြင်း | |

# ကမိတ်ကျေးရွာ၊ ကမိတ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | စောဘီးလာ | ဦးစောလား | ၆/ထဝန(နိုင်)၁၁၀၂၈၂ | ၃၃ | ဥက္ကဋ္ဌ | - |
| ၂ | စောဖူးဟ | ဦးနှင်းဆီ | ၆/ထဝန(နိုင်)၀၉၅၈၂၇ | ၃၃ | နာယက | - |
| ၃ | စောစေးဖော | ဦးစော်တား | ၆/ထဝန(နိုင်)၀၉၆၄၂၄ | ၆၇ | အတွင်းရေးမှူး | - |
| ၄ | နော်ဖောသလော | စောဘဲဖြူ | ၆/ထဝန(နိုင်)၁၁၀၃၂၈ | ၂၅ | ဘဏ္ဍာရေးမှူး | - |
| ၅ | နော်ပောမာ | စောနှင်းဆီ | - | ၂၄ | အဖွဲ့ဝင် | - |
| ၆ | နော်မြချို | စောထိုးလွှာ | ၆/ထဝန(နိုင်)၀၈၂၉၄၁ | ၅၆ | အဖွဲ့ဝင် | - |
| ၇ | နော်ဖောဖိုး | စောရိုးဟာ | ၆/ထဝန(နိုင်)၀၉၆၂၉၆ | ၅၃ | အဖွဲ့ဝင် | - |
| ၈ | နော်စန်းရှိန် | ဦးမောင်စော | ၆/သရခ(နိုင်)၀၂၂၄၂၃ | ၃၇ | အဖွဲ့ဝင် | - |
| ၉ | နော်ဆိုးနေ | ဦးဆိုးဖိုး | - | ၃၁ | အဖွဲ့ဝင် | - |
| ၁၀ | စောဆိုးဖိုး | စောခူစိုက် | - | ၄၆ | အဖွဲ့ဝင် | - |
| ၁၁ | စောဟဲအိုဖွိ | စောကအဲ | ၆/ထဝန(နိုင်)၁၁၀၄၁၀ | ၃၆ | အဖွဲ့ဝင် | - |
| ၁၂ | နော်ဖောရေထူး | ဦးစောလူဖီး | ၆/ထဝန(နိုင်)၀၀၃၂၀၀ | - | စာရင်းကိုင် | - |

# ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

## (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၀ | ၉ | ၁၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၂၃ | ၄၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၈ | ၅၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၂ | ၃၁ | ၅၃ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၇ | ၉၂ | ၁၆၉ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၈ | ၃ | ၁၁ |
| **စုစုပေါင်း** | | **၁၅၉** | **၁၈၆** | **၃၄၅** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၆၇ | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကမိတ်ကျေးရွာတွင် အိမ်ထောင်စု စုစုပေါင်း (၆၇) စုရှိပါသည်။ စုစုပေါင်းလူဦးရေ (၃၄၅) ယောက်ရှိပါသည်။ နို့စို့အရွယ်ကလေး (၁၉) ယောက်သာရှိပြီး (၅)နှစ်အောက်ကလေးငယ် (၄၃) ယောက် ၊ မူလတန်းကျောင်းသားအရွယ် (၅၀) ယောက်၊ အလုပ်လုပ်နိုင်သည့်အရွယ် (၁၆၉) ယောက်နှင့် သက်ကြီးရွယ်အို (၁၁) ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာလူဦးရေ၏ ထက်ဝက်ခန့်ရှိသဖြင့် လူသားအရင်းအမြစ်အတွက် အခြေအနေ ကောင်းတစ်ရပ် ဖြစ်ပါသည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်များသည်။ ကျေးရွာတွင် ကရင်လူမျိုး ခရစ်ယာန်ဘာသာဝင် (၉၉) ရာခိုင်နှုန်းရှိပြီး၊ ဗုဒ္ဓဘာသာဝင် (၁) ရာခိုင်နှုန်း နေထိုင်ကြပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၁ | ၃၁ | - | မြင့်☑လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၆ | ၃၆ | - | မြင့်☑လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | ပညာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | ကျန်းမာရေး | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | - | - | ၂၀ | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကို သာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၆၇ | ၆၇ | ၂၁ | ☒ |

**ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင် လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ ကမိတ်ကျေးရွာတွင် တောင်ယာ၊ ဉ ယျာဉ်ခြံကိုအဓိကထားလုပ်ကိုင်ကြပါသည်။ ကွမ်းသီးပင်များကိုကို အဓိကစိုက်ပျိုးကြသည်။ ဉ ယျာဉ်ခြံကို အသက်မွေးဝမ်းကြောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါ သည်။ မြေယာပိုင်ဆိုင်သောအိမ်ထောင်စုများသည် လုပ်ငန်းလုပ်ကိုင်ရန် ငွေကြေး အလုံအလောက်မရှိပါ။ မြေယာမဲ့အလုပ်သမားများလည်းရှိပြီး လက်လုပ်လက်စား၊ နေ့စား၊ ကြုံရာကျပန်းလုပ်ငန်းတို့ဖြင့် လုပ်ကိုင်စားသောက်ကြသည်။ တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ လျော့နည်းသည်ကို တွေ့ရပါသည်။**

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | - | - | - | - |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | - | - | - | - |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | – | – | – | – |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | – | – | – | – |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | – | – | – | – |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | – | – | – | – |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်  (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ [illegible] ၂၂.၇၅)**

**(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ [illegible] ၈)**

**လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးလုပ်ငန်းတို့တွင် အလုပ်အကိုင်အခွင့်အလမ်း အမိက ရှိပါသည်။ ငွေအရင်းအနှီးနည်းပါးသည့်အပြင် နည်းပညာ၊ အသိပညာဗဟုသုတလည်း မရှိသည့်အတွက် ဝင်ငွေရအခွင့်အလမ်းများ နည်းပါးသည်ကို တွေ့ရပါသည်။**

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ–၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| လယ်မြေ | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၁၉၄ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | – | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၉၄ | ⊠ |

**ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှုးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်**

မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကမိတ်ကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာ နှစ်ရှည်စိုက်ခင်းများနှင့် ဥယျာဉ်ခြံမြေများ ဖြစ်ကြပါသည်။ တောင်ယာနှင့် ဥယျာဉ်ခြံကို အဓိကလုပ်ကိုင်ကြ သည်။ မြေဆီလွှာအရည်အသွေးကောင်းမွန်ပါသည်။ ချောင်းရေမှ ရေအရင်းအမြစ် ရရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☑ နည်း☐ မရှိ☐ | ☒ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကမိတ်ကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များ ထွက်ရှိမှု အသင့်အတင့်ရှိပါသည်။ သို့သော်လည်း လက်လှမ်းမီမှု အားနည်းပါသည်။ သဘာဝ တိရစ္ဆာန်များ နည်းပါးနေရခြင်းမှာ တောတောင်များ ပြုန်းတီးနေခြင်းကြောင့် ဖြစ်ပါသည်။ သဘာဝအပင်မျိုးစိတ်များမှာ အသင့်အတင့် ရှိနေပါသေးသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် | များ | အသင့်အတင့် | နည်း | မရှိ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| ဆိုင်သော ပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆ | ၂၁ | ၂၁ | ၁၉ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကမိတ်ကျေးရွာတွင် အိမ်ထောင်စုအားလုံးနီးပါးသည် ဥယျာဉ်ခြံမြေပိုင်ဆိုင်ကြပြီး ဥယျာဉ်ခြံလုပ်ငန်းဖြင့် အသက်မွေးလုပ်ကိုင်ကြသည်။ ဓနဥစ္စာအရ အဆင်ပြေသောအိမ်ထောင်စု မှာ အလွန်နည်းပါးပါသည်။ မြေပိုင်ဆိုင်မှုမှာ များနေသော်လည်း အခုမှ စတင်တည်ထောင်သော အိမ်ထောင်စုများရသည်။ အလွန်ဆင်းရဲသောအိမ်ထောင်စုများသည် ကြုံရာကျပန်း လုပ်ငန်းကို လုပ်ကိုင်ကြသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ______၆_____<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၆ | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ၆<br>လုပ်အားခကြိုယူ = |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ =<br>လုပ်အားခကြိုယူ = |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကမိတ်ကျေးရွာတွင် ဥယျာဉ်ခြံကို အဓိကလုပ်ကိုင်ကြသည်။ တစ်ချို့သောအိမ်ထောင်စုများသည် မိသားစုစားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးတွင် ငွေလုံလောက်မှု မရှိဘဲ မိုးရာသီတွင် ချေးယူစားသုံးကြသည်။ နွေရာသီ ကွမ်းသီးထွက်ချိန်မှ ပြန်လည်ပေးဆပ်ကြသည်။ တချို့သောမိသားစုများသည် ဥယျာဉ်ခြံမရှိသည့်အတွက် ကြုံရာကျပန်းလုပ်ငန်းဖြင့် လုပ်ကိုင်စားသောက်နေရကြသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကမိတ်ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုများ မရှိပါ။ မသန်စွမ်းသည့်ပုဂ္ဂိုလ်များလည်း မရှိပါ။ ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီး ဦးဆောင် သော အိမ်ထောင်စု(၃)စု ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုများ မရှိပါ။ အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင် လုပ်ကိုင်ကြသည့် အိမ်ထောင်စုများလည်း မရှိပါ။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၇ | လျှော် | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ်☐ နိမ့်☑ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ်☑ မရှိ ☐ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | တီရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ သဘာဝဘေး အန္တရာယ်မှာ တစ်ခါတစ်ရံကျရောက်သော်လည်း ဆိုးရွားမှု မရှိလှပါ။ အများအားဖြင့် ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါတို့ အဖြစ်များပါသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ ကျပန်းလုပ်သားများမှာ မိုးတွင်းအချိန်တွင် အလုပ်အကိုင်ရှားပါးခြင်းကြောင့် စားနပ်ရိက္ခာမဖူလုံမှုကို ကြုံတွေ့ရပါသည်။ လူငယ်များသည် ဆိုင်ကယ်ကို စည်းမဲ့ကမ်းမဲ့မောင်းနှင် ခြင်းကြောင့် ထိခိုက်မှုရှိပါသည်။ မြစ်ကမ်းနံဘေး နေထိုင်သူများပြီး ရေကြီးချိန်တွင် လမ်းများမှာ သွားလာရခက်ခဲပါသည်။ ဘေးအန္တရာယ်တစ်ခုခုကြုံလာပါက ငွေကြေးအရင်းအနှီး မဖူလုံ သောဆင်းရဲသား တောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စ | အဖွဲ့အစည်း | အမျိုးအ | အဖွဲ့ဝင်ဦးရေ | လုပ်ငန်းတာဝန် | စွမ်းဆောင် |
|---|---|---|---|---|---|

| ဉ် | အမည် | စား<br>(မှန်ရာ<br>တစ်ခုကို<br>သာ<br>ရွေးရန်) | ကျား | မ | ပေါင်း | (အနည်းဆုံးတစ်ခုနှင့် အထက်<br>ရွေးနိုင်သည်။) | နိုင်မှု (မှန်ရာ<br>တစ်ခုကိုသာ<br>ရွေးရန်) |
|---|---|---|---|---|---|---|---|
| ၁ | အမျိုးသမီးအဖွဲ့ | ၁☐ ၂☑<br>၃☐ | - | ၅ | ၅ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☑ |
| ၂ | ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့ | ၁☐ ၂☐<br>၃☑ | ၈ | ၁၀ | ၁၈ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☑ |
| ၃ | မိန်းမကြီး/ကာလသား/သမီးအဖွဲ့ | ၁☐ ၂☐<br>၃☐ | - | - | - | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☐<br>ညံ့ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

